**OFFICE OF THE SUPREME HEADQUARTERS**
**KAREN NATIONAL UNION**
**KAWTHOOLEI**
**www.karennationalunion.net**

# KNU ကရင်အမျိုးသားအစည်းအရုံးနှင့် မြန်မာအစိုးရတို့အကြား အပစ်အခတ် ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ဖြစ်ပေါ်တိုးတက်မှုအခြေအနေ

ဖေဖော်ဝါရီလ (၂၂) ရက် ၂၀၁၂ ခုနှစ်

**KNU** ကရင်အမျိုးသားအစည်းအရုံးသည် မြန်မာပြည်တွင် ဖြစ်ပေါ်နေသော ပြည်တွင်းစစ်ကြီးကို အဆုံးသတ်ရန်နှင့် စစ်မှန်သောငြိမ်းချမ်းရေး ရရှိရန်အတွက် အခြေခံကျသော နိုင်ငံရေးပဋိပက္ခအား တွေ့ဆုံ ဆွေးနွေးမှုဖြင့် နိုင်ငံရေးပြဿနာကို အဖြေရှာနိုင်မှသာ ပြေလည်အောင်မြင်နိုင်မည်ဟု ယုံကြည်ထားသည်။

**KNU** ကရင်အမျိုးသားအစည်းအရုံးသည် မြန်မာအစိုးရနှင့် ၁၉၄၉ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၆၀ ခုနှစ်တွင် တစ်ကြိမ်နှင့် ၁၉၆၃ ခုနှစ်တွင် မွန်ပြည်သစ်ပါတီနှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီတို့ နှင့်အတူ တစ်ကြိမ်တွေ့ဆုံခဲ့ပြီး ၁၉၄၉ ခုနှစ်မှ ၁၉၆၃ ခုနှစ်အကြား စုစုပေါင်းသုံးကြိမ်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် ၁၉၉၅ ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ နှစ်များအတောအတွင်း၌လည်း စစ်မှန်သော အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်မြောက်ရေးအတွက် နောက်ထပ် (၂) ကြိမ်တိုင် တွေ့ဆုံဆွေးနွေးခဲ့သည်။ သို့သော် ယခင်တွေ့ဆုံမှုများ ပြုလုပ်ခဲ့သော အစိုးရများသည် တိုင်းရင်းသားလူမျိုး များ၏ နိုင်ငံရေးမျှော်မှန်းချက်များဖြစ်သော *အမျိုးသားတန်းတူညီမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့အပေါ် အခြေခံသော ငြိမ်းချမ်းရေး* ကဲ့သို့သောပဋိပက္ခကို အဓိကဖြစ်စေသည့် အခြေခံနိုင်ငံရေးပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် အသိအမှတ်ပြုခဲ့ခြင်း မရှိခဲ့ပေ။ ထိုသို့ နိုင်ငံရေးပြဿနာများကို ကိုင်တွယ် ဖြေရှင်းခြင်းမရှိပဲ ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်တို့ လက်နက်ချရန်နှင့် "ဥပဒေဘောင်" အတွင်းဝင်ရောက်ရန်ကိုသာ ဦးစားပေးခဲ့သည်။ ထို့ကြောင့် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် ထိုအချိန်အခါက အောင်မြင်မှုမရရှိခဲ့ပေ။ **KNU** ကရင်အမျိုးသား အစည်းအရုံးသည် ၎င်း၏မူဝါဒလမ်းစဉ်အတိုင်း မြန်မာအစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် အမြဲတမ်း တံခါးဖွင့် ထားပါသည်။

၂၀၁၀ ရွေးကောက်ပွဲအပြီး ဦးသိန်းစိန် အစိုးရတက်လာပြီးနောက် ဒေါ်အောင်ဆန်းစုကြည်မှ ဇွန်လိုင်လ (၂၈) ရက် ၂၀၁၁ ခုနှစ်တွင် သမ္မတဦးသိန်းစိန်၊ ကရင်အမျိုးသားအစည်းအရုံး **(KNU)**၊ မွန်ပြည်သစ်ပါတီ **(NMSP)**၊ ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ **(KIO)** နှင့် ရှမ်းပြည်တပ်မတော် **(SSA)** ထံလိပ်မူပြီး အိတ်ဖွင့်ပေးစာတစ်စောင် ပေးပို့ခဲ့သည်။ အဆိုပါစာထဲတွင် သူမက "တိုင်းရင်းသားလူမျိုးများ အားလုံး၏ အကျိုးစီးပွားကို ရှေးရှု၍ ယခုဖြစ်ပွားနေသော ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းကြပါရန်နှင့် အမြန်ဆုံးအပစ်အခတ်ရပ်စဲကြပါရန် လေးနက်စွာ ပန်ကြားအပ်ပါသည်။" ဟု ထုတ်ဖော်ပြောဆိုထားသည်။

သမ္မတဦးသိန်းစိန်မှလည်း ကြေညာချက်အမှတ် ၁/၂၀၁၁ ကို ဩဂုတ်လ (၁၈) ရက် ၂၀၁၁ ခုနှစ် နေ့စွဲဖြင့် ညွှန်ကြားထုတ်ပြန်ခဲ့ပြီး ထိုစာထဲတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေး ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သည်။

ဩဂုတ်လ ၂၀၁၁ ခုနှစ်တွင် တိုင်းရင်းသားလူမျိုးများဖယ်ဒရယ်ကောင်စီ (UNFC) မှ တပြည်လုံး အတိုင်းအတာ ယာယီအပစ်အခတ်ရပ်စဲရန်နှင့် နိုင်ငံရေးနှင့်စစ်ရေးကိစ္စများ ဖြေရှင်းနိုင်ရန် တွေ့ဆုံဆွေးနွေး မှုများ ပြုလုပ်ရန် သမ္မတဦးသိန်းစိန်ထံသို့ ပြန်ကြားစာတစ်စောင် ပြန်လည်ပေးပို့ခဲ့သည်။ ထိုစာထဲတွင် သမ္မတဦးသိန်းစိန်အစိုးရအား UNFC ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ကိုယ်စားပြုအနေဖြင့် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ရန် တောင်းဆိုခဲ့သည်။

သို့သော် မြန်မာအစိုးရသည် အပစ်အခတ်ရပ်စဲရေးအတွက် UNFC နှင့်တွေ့ဆုံဆွေးနွေးခြင်းထက် တစ်ဖွဲ့ချင်းစီနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ပိုမိုလိုလားသည်ကို ဖော်ပြလာခဲ့သည်။ ထိုသို့ အစိုးရက UNFC ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးတောင်းဆိုချက်ကို လက်မခံခဲ့သောကြောင့် UNFC အဖွဲ့ဝင်များသည် အစိုးရကိုယ်စားလှယ်များနှင့် တစ်ဖွဲ့ချင်း အပစ်အခတ်ရပ်စဲရေး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လာခဲ့သည်။ သို့သော် မြန်မာအစိုးရနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကိုမူ UNFC အနေဖြင့်သာ လုပ်ဆောင်သွားမည် ဖြစ်သည်။

အောက်တိုဘာလ (၉) ရက် ၂၀၁၁ ခုနှစ်တွင် KNU ကရင်အမျိုးသားအစည်းအရုံးနှင့် မြန်မာ အစိုးရကိုယ်စားလှယ်တို့ ပထမအကြိမ် အကြိုအစည်းအဝေး ပြုလုပ်ခဲ့ပြီး မြန်မာပြည်နိုင်ငံရေး ပြဿနာများကို ဖြေရှင်းရန် UNFC နှင့်တရားဝင်တွေ့ဆုံဆွေးနွေးမှု ပြုလုပ်နိုင်ရန် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ် ခဲ့သည်။

ထို့ကြောင့် နိုဝင်ဘာလ (၈) ရက် ၂၀၁၁ ခုနှစ်တွင် KNU ကရင်အမျိုးသားအစည်းအရုံးမှ ဗဟိုအမြဲတမ်းကော်မတီ အရေးပေါ်အစည်းအဝေးကို ကျင်းပပြီး ကရင်အမျိုးသားအစည်းအရုံး ငြိမ်းချမ်းရေး ဖေါ်ဆောင်ရေး ကော်မတီကို အဖွဲ့ဝင် (၇) ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ထိုသို့ဖွဲ့စည်းလိုက်သော နေ့မှစ၍ KNU ငြိမ်းချမ်းရေး ဖေါ်ဆောင်ရေး ကော်မတီအဖွဲ့နှင့် ဦးအောင်မင်း ဦးဆောင်သော မြန်မာအစိုးရကိုယ်စားလှယ် အဖွဲ့တို့ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် ထိုင်းနိုင်ငံတွင် အလွတ်သဘော (၃) ကြိမ်တိုင် တွေ့ဆုံခဲ့သည်။ ၎င်းနောက် KNU ငြိမ်းချမ်းရေးဖေါ်ဆောင်ရေး ကော်မတီအဖွဲ့ဝင်များပါဝင်သော (၁၉) ဦး ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ပဏာမအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို ရရှိနိုင်ရန် မြန်မာအစိုးရကိုယ်စားလှယ်များနှင့် ကရင်ပြည်နယ် ဖားအံမြို့၌ ဇန်နဝါရီလ (၁၂) ရက် ၂၀၁၂ ခုနှစ်တွင် တွေ့ဆုံ ခဲ့သည်။

နှစ်ဦးနှစ်ဖက် ယုံကြည်မှုတည်ဆောက်ရန်နှင့် ခိုင်မာသော အပစ်အခတ်ရပ်စဲရေး ရရှိရန်အတွက် KNU ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် မြန်မာအစိုးရနှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ် သွားမည်ဖြစ်သည်။ ထို့အတွက်ကြောင့် ပထမဦးစွာ မြန်မာအစိုးရမှ KNU အုပ်ချုပ်မှုအောက်တွင်ရှိသော နယ်မြေများအတွင်းရှိ ကျေးရွာများအနီးရှိ ၎င်းတို့၏တပ်များအားလုံးကို ပြန်လည်ရုပ်သိမ်းပေးရန် တောင်း ဆိုပါသည်။ ဒုတိယအနေဖြင့် မြန်မာအစိုးရမှ တပ်အင်အားလျှော့ချပေးရန်နှင့် တပ်သားများနှင့် ထောက်ပံ့ ပစ္စည်းများ ထပ်မံပို့ဆောင်ခြင်း မပြုလုပ်ရန် တောင်းဆိုပါသည်။ တတိယအနေဖြင့် နိုင်ငံရေးအကျဉ်းသား များအဖြစ် ဆက်လက်ဖမ်းဆီး ထိန်းသိမ်းထားသော KNU အဖွဲ့ဝင်များနှင့် ကရင်ပြည်သူများအားလုံးကို ပြန်လွှတ်ပေးရန် တောင်းဆိုပါသည်။ စတုတ္ထအနေဖြင့် ကချင်ပြည်နယ်အတွင်းပြုလုပ်နေသော စစ်ဆင် ရေးများအား ရပ်ဆိုင်းရန် တောင်းဆိုပါသည်။ ဤခိုင်မာသည့် လုပ်ဆောင်မှုများမှတဆင့် ယုံကြည်မှုများ ရရှိလာပြီးသောအခါမှသာ အစိုးရနှင့် ကနဦးနိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု စတင်ပြုလုပ် နိုင်လိမ့်မည်ဖြစ်သည်။

စစ်မှန်၍ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော အဆင့် (၄) ဆင့်ပါ လမ်းပြမြေပုံကို **KNU** ကရင်အမျိုးသားအစည်းအရုံးမှ ရေးဆွဲချမှတ်ထားပါသည်။ ၎င်းတို့မှာ

(၁) ပဏာမအပစ်အခတ်ရပ်စဲရေးအဆင့်
(၂) ခိုင်မာသည့်အပစ်အခတ်ရပ်စဲရေးအဆင့်
(၃) ကနဦးနိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု၊ အခြေခံနိုင်ငံရေးပြဿနာများကိုအဖြေရှာရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး
(၄) နိုင်ငံရေးအရပူးပေါင်းပါဝင်ခြင်း တို့ဖြစ်ပါသည်။

၅၅) (၄) ဆင့်ပါ လမ်းပြမြေပုံ၏ နိုင်ငံရေးပိုင်းဆိုင်ရာအဆင့်များဖြစ်သောအဆင့် (၃)နှင့် (၄) တို့သည် အခြားသောတိုင်းရင်းသားလူမျိုးစုအသီးသီးကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော တိုင်းရင်း သား လူမျိုးများ ဖယ်ဒရယ်ကောင်စီ **(UNFC)** ၏ ပါဝင်မှုဖြစ်စေမည်လိမ့်မည်ဟု **KNU** ကရင်အမျိုးသား အစည်းအရုံးမှ ယုံကြည်ပါသည်။

---------------------------- <> -------------------------